# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်၊ တနင်္ဂနွေနေ့။ Sunday, 18 January 2026 ၁၂၀၆၆


### ဘယ်အခါမှ အကျိုးမဆုတ်ယုတ်

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေဌ်မြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ရိုဘတ်စတာကော်ဖီမျိုးစိတ် ဧက ၂၀၀၀၀ ကျော်လျာထားရာ၌ ၁၇ ဧက ကနဦးစိုက်ပျိုးသွားမည်

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့တွင် ပြည်တွင်းသောက်သုံးမှုအပြင် နိုင်ငံခြားငွေရရှိရန် ရိုဘတ်စတာကော်ဖီမျိုးစိတ် ဧက ၂၀၀၀၀ ကျော်ကို နှစ်ရှည်ပင်များကြား သီးညှပ်သီးနှံအဖြစ် ၂၀၂၆-၂၀၂၇ ခုနှစ်မှစ၍ ငါးနှစ်စီမံကိန်းအဖြစ် လျာထားဆောင်ရွက်လျက်ရှိရာ ကနဦး ၁၇ ဧကအား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကမ္ဘာပေါ်တွင် ကုန်သွယ်မှုအများဆုံးဖြစ်သော ရေနံပြီးလျှင် ဒုတိယကုန်သွယ်မှုအများဆုံးဖြစ်သော ကော်ဖီစေ့ကို မြန်မာနိုင်ငံတွင်လည်း စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ကမ္ဘာ့ဈေးကွက်ဝင် ရိုဘတ်စတာမျိုးစေ့နှင့် အာရေးဗီးကားမျိုးစေ့တို့ကို အဓိကထား စိုက်ပျိုးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် ဧက နှစ်သိန်းကျော် အကောင်အထည်ဖော် စိုက်ပျိုးထားပြီး နှစ်စဉ် ကော်ဖီစေ့တန်ချိန် ၉၀၀၀ ကျော်ထွက်ရှိလျက်ရှိကာ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများဆုံး စိုက်ပျိုးထုတ်လုပ်သည်။ လက်ရှိစိုက်ပျိုးထုတ်လုပ်နေသည့် ကော်ဖီစိုက်ဧက ၃၀၀၀၀ ကျော်တွင် ပြင်ဦးလွင်၌ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးထုတ်လုပ်လျက်ရှိ၍ ပြင်ဦးလွင်ကော်ဖီသည် ဈေးကွက်အတွင်း နာမည်ရလျက်ရှိသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖



ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်း ရော်ဘာပင်များကြား သီးညှပ်စိုက်ပျိုးသည့် ရိုဘတ်စတာကော်ဖီပင်များနှင့် ကော်ဖီစေ့များကို တွေ့ရစဉ်။


## ယနေ့ ဖတ်စရာ

မြန်မာနိုင်ငံမှ ပထမအကြိမ်လျှောက်လဲခြင်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ ဦးဆောင်ရှေ့နေနှင့် မြန်မာနိုင်ငံ၏ ရှေ့နေများက ချေပလျှောက်လဲ — စာမျက်နှာ ၃

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ — စာမျက်နှာ ၈

၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်း၏ ဆန္ဒမဲရရှိမှုအခြေအနေ — စာမျက်နှာ ၉

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီး ငြိမ်းချမ်းရေးဆုတောင်းပွဲ ကျင်းပ — စာမျက်နှာ ၇

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများလိုက်နာရန် စည်းကမ်းချက်များဆိုင်ရာ ဆွေးနွေးပွဲနှင့် သင်တန်းဖွင့်ပွဲကျင်းပ — စာမျက်နှာ ၁၄

ကြေးမုံ

# နိုင်ငံ၏ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာ နိုင်ငံသားအားလုံး တစ်သားတည်းရပ်တည်

အပြည်ပြည်ဆိုင်ရာတရားရုံးတွင် ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်နေ့အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့၌ ပြုလုပ်လျက်ရှိရာ မြန်မာနိုင်ငံမှ ပထမအကြိမ်လျှောက်လဲခြင်းကို ဇန်နဝါရီ ၁၆ ရက်က ပြုလုပ်ခဲ့ရာတွင် မြန်မာနိုင်ငံ၏ကိုယ်စားလှယ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီးက ဂမ်ဘီယာနိုင်ငံ၏ စွပ်စွဲချက်များကို တိတိကျကျ မှန်မှန်ကန်ကန် ရှင်းရှင်းလင်းလင်း ခုခံကာကွယ်ပြောကြားခဲ့သည်။

ဂမ်ဘီယာနိုင်ငံအနေဖြင့် အမှု၏ဖြစ်ရပ်မှန်များနှင့် တိုက်ရိုက်သက်ဆိုင်ခြင်းမရှိဘဲ ယုံကြည်စိတ်ချမှုမရှိသည့် ဘက်လိုက်မှုရှိသော သာမန်အချက်များကို ကိုးကားပြီး စွပ်စွဲခဲ့ခြင်းသည် မြန်မာနိုင်ငံအပေါ် တရားစီရင်ခြင်းမပြုမီ တရားရုံးကို ကျော်လွန်၍ လုပ်ဆောင်ခဲ့ခြင်းသာဖြစ်သည်။ တရားရုံး၏ရှေ့မှောက်တွင် ရိုးသားဖြောင့်မတ်စွာ လိုက်နာရမည့်တာဝန်ကိုပစ်ပယ်၍ မမှန်ကန်သောသတင်းအရင်းအမြစ်များမှ အချက်အလက်များကို လိုအပ်သလို အသုံးပြုခဲ့ခြင်းဖြစ်သည်။ လူမျိုးသုဉ်းသတ်ဖြတ်မှုစွပ်စွဲချက်ကို စနစ်ကျနမှုမရှိ၊ သတ်မှတ်သည့် စံနှုန်းများနှင့်လည်း ကိုက်ညီမှုမရှိဘဲ အတည်မပြုနိုင်သည့် တစ်ဆင့်စကားများဖြင့် ထွက်ဆိုထားသော အထောက်အထားများ ခိုင်မာမှု ရှိ/မရှိနှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်းထောက်ပြနိုင်ခဲ့သည်။

ယခုအမှုနှင့်အဓိကပတ်သက်သည့် ၂၀၁၆–၂၀၁၇ ခုနှစ်အတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် မိမိနယ်မြေလုံခြုံရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် အကြမ်းဖက်စစ်ဆင်ရေး ပြုလုပ်ခဲ့ခြင်းသာဖြစ်သည်။ အဆိုပါဖြစ်စဉ်၏ အဓိကလက်သည်ဖြစ်သည့် ARSA အကြမ်းဖက်အဖွဲ့၏လုပ်ဆောင်ချက်ကို ဂမ်ဘီယာနိုင်ငံအနေဖြင့် ငြင်းဆိုထားခြင်းမရှိသော်လည်း မြန်မာနိုင်ငံအစိုးရက မိမိနိုင်ငံကို ကာကွယ်စောင့်ရှောက်ရန်အတွက် လိုအပ်သလို တုံ့ပြန်ဆောင်ရွက်မှုအပေါ် ငြင်းဆိုလိုသည့်သဘောမှာ ရှေ့နောက်မညီ အမြီးအမောက်မတည့်သည့် စွပ်စွဲချက်သာဖြစ်သည်။ နိုင်ငံတစ်နိုင်ငံအား ဝင်ရောက်ကျူးကျော်ပြီး အကြမ်းဖက်တိုက်ခိုက်သူများအား အင်အားသုံးပြီး ရှင်းလင်းခြင်းကို မည်သည့်နိုင်ငံကမျှ လူမျိုးသုဉ်းတိုက်ခိုက်မှုဟု သတ်မှတ်ကြမည်မဟုတ်ပေ။

ဂမ်ဘီယာနိုင်ငံအနေဖြင့် တရားရင်ဆိုင်မှုကိုအသုံးချပြီး လူမျိုးသုဉ်းစေမှုဆိုင်ရာကွန်ဗင်းရှင်းနှင့်မသက်ဆိုင်သော လိုရာဆွဲယူသော အစီအစဉ်များဖြစ်သည့် “ရိုဟင်ဂျာ”ဆိုသည့်အမည်ကို တရားဝင်အသုံးပြုခွင့်ရရေး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် ရောက်ရှိနေသူများအား မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်နှင့် အလိုအလျောက်နိုင်ငံသားပေးရန် တောင်းဆိုနေမှုများမှာ မမှန်မကန် မရိုးမသားလုပ်ဆောင်နေမှုများဖြစ်သည်မှာ ထင်ထင်ရှားရှားပေါ်လွင်နေသည်။ အမှန်တကယ်တွင် မြန်မာနိုင်ငံသို့ရောက်ရှိလာသည့် ဘင်္ဂါလီများသည် ဥပဒေနှင့်ညီညွတ်ပါက မြန်မာနိုင်ငံက သတ်မှတ်ထားသည့် နိုင်ငံသားအမျိုးအစားသုံးမျိုးအနက် တစ်မျိုးမျိုးကို လျှောက်ထားရရှိနိုင်သည်။ မြန်မာနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံသားအားလုံးအပေါ်တွင် တန်းတူအခွင့်အရေးများပေးထားသည်။

၂၀၁၆–၂၀၁၇ ဖြစ်စဉ်နောက်ပိုင်းတွင် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် မြန်မာ–ဘင်္ဂလားဒေ့ရှ်အကြား သဘောတူညီချက်များကို လျင်မြန်စွာပြုလုပ်နိုင်ခဲ့ပြီးဖြစ်သည်။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပြန်လည်ဝင်ရောက်လာသူများကို ပြန်လည်လက်ခံနေရာချထားရေး၊ လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ စားနပ်ရိက္ခာနှင့် အလုပ်အကိုင်ဖော်ဆောင်ရေးစသည်တို့ကို အစစအရာရာပြင်ဆင်ထားခဲ့သည်။ သို့သော် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် လည်းကောင်း၊ ၂၀၂၃ ခုနှစ်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် လည်းကောင်း၊ ထိုဒေသတွင်ဖြစ်ပွားခဲ့သော နယ်မြေလုံခြုံရေးမတည်ငြိမ်မှုများကြောင့်လည်းကောင်း အမျိုးမျိုးသောအကြောင်းများကြောင့် နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးအစီအစဉ် နှောင့်နှေးနေခြင်းဖြစ်သည်။

မြန်မာ့တပ်မတော်သည် နိုင်ငံတိုင်းရှိ တပ်မတော်များ တာဝန်ထမ်းဆောင်သည့်အတိုင်း နိုင်ငံကိုကာကွယ်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတိုင်းတွင် သောင်းကျန်းသူများကို တွန်းလှန်ရန်နှင့် အကြမ်းဖက်လုပ်ရပ်များကို ရပ်တန့်စေရန် ထိရောက်သည့်စစ်ဆင်ရေးကို လုပ်ဆောင်ကြရသည်။ ဖြစ်ပေါ်ခဲ့သောပြဿနာသည် ဘင်္ဂါလီအကြမ်းဖက်သမားများက စတင်ခဲ့သည်ကို အားလုံးသိရှိပြီးသားဖြစ်သည်။ ပြည်ပမှစွက်ဖက်မှုများနှင့် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယခုအမှုသည် မခိုင်လုံသော အထောက်အထားများနှင့် မြန်မာနိုင်ငံအကျိုးစီးပွားပျက်ပြားအောင် လုပ်ဆောင်မှုသာဖြစ်သည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ဂုဏ်သိက္ခာ၊ မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာ၊ မြန်မာနိုင်ငံ၏ အကျိုးစီးပွားအတွက် မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တစ်သားတည်းရပ်တည်လျက်ရှိပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်း ဖော်ဆောင်ရေး။

## ပင်းတယမြို့နယ်၌ ဆောင်းနေကြာစိုက်ပျိုးထားရှိမှု ကွင်းဆင်းစစ်ဆေး



**တောင်ကြီး ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျုံးကျေးရွာအုပ်စုရှိ ရောင်ခြည်ဦး လယ်ယာနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်က ဆောင်းနေကြာရေဆင်းစပ်မျိုး(၁) စိုက်ပျိုးထားရှိမှုအခြေအနေများကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက အသင်းမှ လိုအပ်လျက်ရှိသည့် ငွေကြေးအရင်းအနှီးနှင့် သွင်းအားစုများ ပြတ်လပ်မှုမရှိစေရေးအတွက် သက်ဆိုင်ရာ မြို့နယ်သမဝါယမအသင်းစုနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းမှာကြားခဲ့ကြောင်း သိရသည်။ **ဝိုးတောင်း**

## ဝါးခယ်မ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေး

**ဝါးခယ်မ ဇန်နဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် စာရေးကုန်း ရပ်ကွက်အတွင်းရှိ နေအိမ်များအား မီးသုံးစွဲမှု လိုက်လံစစ်ဆေးခြင်းကို ဇန်နဝါရီ ၁၆ ရက်က ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးချစ်ထွေးအောင်နှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးမိုးမြင့်နှင့် တာဝန်ရှိသူများက ရပ်ကွက်အတွင်းရှိ နေအိမ်များအား တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုများ၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးထားရှိဆောင်ရွက်မှုများကို စစ်ဆေးပြီး မီးသုံးစွဲမှုအသိပညာပေးခြင်းတို့ကို ဆောင်ရွက်သည်။

ထို့အပြင် မြို့နယ်အတွင်း မီးဘေးအန္တရာယ်မကျရောက်စေရန် မြို့နယ်မီးသတ်ဦးစီးမှူး ဦးတိုးနိုင်ဦး၏ ကြီးကြပ်မှုဖြင့် အသိပညာပေးခြင်း၊ လက်တွေ့မီးငြိမ်းသတ်ခြင်းနှင့် သရုပ်ပြလေ့ကျင့်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လွှမ်းသီဟ(ပြန်/ဆက်)**

## ၁၇ - ၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၀၀၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ မိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| ခေတ္တ စာတည်းမှူး | - အေးမင်းစိုး | အငယ်တန်း သတင်းထောက်များ | - အောင်ကျော်ဦး၊ သန့်တင်အောင် ခင်သက်မွန်၊ မြသီတာ |
| စာတည်းများ | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည် | သုတေသန | - ဇင်မာဝင့် |
| | | စာပြင် | - ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် | - အောင်ကျော်ကျော်၊ စိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - | နီလာစိုးနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - စိုးချစ်ဦးနှင့်အဖွဲ့ |

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများလိုက်နာရန် စည်းကမ်းချက်များဆိုင်ရာ ဆွေးနွေးပွဲနှင့် သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၇

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာန ကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများလိုက်နာရန် စည်းကမ်းချက်များဆိုင်ရာ ဆွေးနွေးပွဲနှင့် သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းကို တက်ရောက်လာကြသည့် ကျောင်းအုပ်ကြီးများသည် အရေးပါသည့် တက္ကသိုလ်ဝင်စာမေးပွဲများကို အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် အဓိကအခန်းကဏ္ဍမှ တာဝန်ယူကြရမည့်သူများ ဖြစ်ပါကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲသည် ကျောင်းသား ကျောင်းသူများ၏ အနာဂတ်အတွက် ပညာသင်ယူခွင့် လမ်းကြောင်းများ ဖွင့်လှစ်ပေးမည့် တံခါးပေါက်များပင်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ စာမေးပွဲသည် တရားမျှတမှုရှိရန်၊ စည်းမျဉ်း စည်းကမ်းနှင့်အညီ စနစ်တကျရှိရန်၊ စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် စိတ်ဖိစီးမှုကင်းဝေးပြီး လုံခြုံစိတ်ချရသည့် ပတ်ဝန်းကျင်တစ်ခုဖြစ်ရန် အထူးပင်လိုအပ်ပါကြောင်း၊ ကြီးကြပ်ရေးမှူးများ ကြီးကြပ်ရမည့် စာစစ်ဌာနတိုင်းတွင် လုပ်ထုံးလုပ်နည်းအတိုင်း တိကျမှုရှိရမည် ဖြစ်ပါကြောင်း။

စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတွင် ပုံမှန်ရေးဖြေကြရမည့် ဘာသာရပ်များအပြင် ပုံဆွဲဘာသာရပ်ကဲ့သို့ ပုံဆွဲခုံ၊ ပုံဆွဲစာရွက်များ လိုအပ်မည့် ဘာသာရပ်လည်းပါရှိသည့်အတွက် စာမေးပွဲကျင်းပရာတွင် လိုအပ်သည့် သင်ထောက်ကူပစ္စည်းကိရိယာများ၊ နေရာထိုင်ခင်းများနှင့် အချိန်စီမံခန့်ခွဲမှုများကို သမားရိုးကျ ဘာသာရပ်များထက် ပိုမိုအသေးစိတ်ကျကျ ပြင်ဆင်ထားကြရန် တိုက်တွန်းလိုပါကြောင်း၊ စာမေးပွဲတစ်လျှောက်လုံးတွင် မည်သည့်လွဲချော်မှုမျိုးမှ မရှိစေရန် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ရှိရန်၊ မေးခွန်းလုံခြုံရေးကို အသေအချာ ထိန်းသိမ်းရန်၊ ဘက်လိုက်မှု မရှိဘဲ မျှတစွာ ကြပ်မတ်ဆောင်ရွက်ရန် အထူးအလေးထား ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားပြီး ကြီးကြပ်ရေးမှူးများ သင်တန်းအတွက် ထောက်ပံ့ငွေ ပေးအပ်ရာ သင်တန်းကျင်းပရေးကော်မတီ အတွင်းရေးမှူးက လက်ခံရယူသည်။

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများက စာမေးပွဲဆိုင်ရာလုပ်ငန်းများ မှာကြားခြင်း၊ စာဖြေသူစာရင်းပြုစုခြင်း၊ စာစစ်ဌာနများ သတ်မှတ်ခြင်း၊ ကြီးကြပ်ရေးမှူးခန့်ထားခြင်း အခန်း(၁)(၂)(၃)၊ စာမေးပွဲကာလ မေးခွန်းလွှာဆိုင်ရာ ညွှန်ကြားချက်များ အခန်း(၄)၊ ကြီးကြပ်ရေးမှူး၊ တွဲဖက်ကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူးနှင့် ရုံးအဖွဲ့များဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ အခန်း(၅)၊ စာဖြေသူများလိုက်နာရန် စည်းကမ်းချက်များ၊ ပြစ်ဒဏ်များ အခန်း(၆)၊ ကြီးကြပ်ခ၊ အသေးသုံးစရိတ်ဆိုင်ရာလုပ်ငန်းများ အခန်း(၇)တို့ကို သင်တန်းပို့ချခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲသင်တန်းကို ဇန်နဝါရီ ၁၇ ရက်မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများ စုစုပေါင်း ၃၄၁ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံ့အကျိုးပြု အင်ဂျင်နီယာလူငယ်ကောင်းများ စံနှုန်းများနှင့်အညီ ပျိုးထောင်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၇**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်သို့ ရောက်ရှိပြီး နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ် လမ်းညွှန်မှာကြားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လမ်းညွှန်မှာကြားချက်များအတိုင်း တိကျစွာ ဆက်လက်လိုက်နာ ဆောင်ရွက်သွားရန် ပြောကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ယင်းနောက် ဒုတိယဝန်ကြီးသည် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဌာနမှူးများနှင့် တွေ့ဆုံပြီး နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး အမှန်တကယ်အားထားရသည့် အင်ဂျင်နီယာလူငယ်ကောင်းများ ပေါ်ထွန်းလာစေရေးအတွက် ကျောင်းသားများကို အင်ဂျင်နီယာပညာဒသနအမြင်၊ အသိပညာ ဆန်းစစ်လေ့လာတွေးခေါ်မှု၊ စည်းကမ်းလိုက်နာမှုနှင့် အင်ဂျင်နီယာအရည်အချင်းများပြည့်ဝစေအောင် စံနှုန်းများနှင့်အညီ စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရေး သင်ကြားလေ့ကျင့်ပေးရန်၊ Agro-based Industries နှင့် MSME များ၊ AI နှင့် EV ဆိုင်ရာ နည်းပညာများဖွံ့ဖြိုးရေး အထောက်အကူပြု သုတေသနစီမံကိန်းများကို အလေးထားဆောင်ရွက်ရန် တိုက်တွန်းမှာကြားပြီး လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ပညာသင်နှစ်နှင့် အင်ဂျင်နီယာဘာသာရပ်တို့ အလိုက် ရှင်လန်းချမ်းမြေ့စွာ ပညာသင်ကြားနေကြသော ကျောင်းသား ကျောင်းသူများအား စာသင်ခန်းများတွင် ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ လိုအပ်ချက်တင်ပြမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ အင်ဂျင်နီယာဌာနများတွင် ကျောင်းသားကျောင်းသူများက စိတ်ဝင်စားတက်ကြွစွာ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် သုတေသနရလဒ်များကို အသုံးချနိုင်ရေးကြိုးပမ်းဆောင်ရွက်ရန်၊ ပြောင်းလဲတိုးတက်မှုနှုန်း မြန်ဆန်နေသောနည်းပညာအရွေ့တို့နှင့် အတူလိုက်ပါနိုင်ရေး သုတေသနကွန်ရက်များ ဖွဲ့စည်းပြီး နိုင်ငံတကာနည်းပညာ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကာ နိုင်ငံ့ဂုဏ်ဆောင်ဆုများ ရရှိရေးကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး အတန်းနားချိန်အတွင်း ကွန်ပျူတာများ၊ စာအုပ်များဖြင့် စိတ်ဝင်စားစွာ လေ့လာဖတ်ရှုနေကြသော ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးကာ အားလပ်ချိန်၏တန်ဖိုးကို နားလည်ကြပြီး လက်ကိုင်ဖုန်းများဖြင့် ဂိမ်းများ၊ လူမှုကွန်ရက်များဖြင့် အချိန်မဖြုန်းကြဘဲ စာပေများ လေ့လာလိုက်စားကြခြင်းသည် အထူးကောင်းမွန်ပါကြောင်း၊ နည်းပညာ အရည်အသွေးပြည့်ဝရုံအပြင် ဗလငါးတန်နှင့် ပြည့်စုံသော နိုင်ငံ့အဖိုးတန် လူငယ်ကောင်းများ ဖြစ်စေရေးရည်မှန်းလျက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားကာ ကျောင်းသား ကျောင်းသူများ၏ လက်ဝယ်အရောက် နည်းပညာနှင့် သုတ၊ ရသစာအုပ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အစိုးရစက်မှုလက်မှုသိပ္ပံ(လပွတ္တာ)ကျောင်း မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

**လပွတ္တာ ဇန်နဝါရီ ၁၇**

ဧရာဝတီ တိုင်းဒေသကြီး လပွတ္တာခရိုင် (၃)မိုင်မြို့ အစိုးရစက်မှုလက်မှုသိပ္ပံ (လပွတ္တာ) ကျောင်း၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး အစိုးရစက်မှုလက်မှုသိပ္ပံ(လပွတ္တာ) ကျောင်း၏ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဝတ်ရည်လှိုင်က ကြိုဆိုနှုတ်ဆက်စကားပြောကြားသည်။



ဆက်လက်၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများအား ဆုများချီးမြှင့်ပြီး အစိုးရစက်မှုလက်မှုသိပ္ပံ (လပွတ္တာ)ကျောင်း၏ ကျောင်းသားကျောင်းသူများက ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပုသိမ်တက္ကသိုလ်ဘာသာရပ်ပေါင်းစုံ အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ပုသိမ် ဇန်နဝါရီ ၁၇

ပုသိမ်တက္ကသိုလ် ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ပုသိမ်တက္ကသိုလ်မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

အမျိုးသမီးပွဲစဉ် ဗိုလ်လုပွဲတွင် ညွှန့်ပေါင်းအသင်းနှင့် သတ္တဗေဒအသင်းတို့ ယှဉ်ပြိုင်ကြရာ ညွှန့်ပေါင်းအသင်းက အနိုင်ရရှိပြီး အမျိုးသားပွဲစဉ် ဗိုလ်လုပွဲတွင် ဓာတုဗေဒအသင်းနှင့် ရူပဗေဒအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရူပဗေဒအသင်းက အနိုင်ရရှိခဲ့သည်။



ပြိုင်ပွဲအပြီးတွင် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် သင်ကြား/ စီမံအရာရှိကြီးများက အကောင်းဆုံးအားကစားသမားဆုများနှင့် ဆုရရှိသည့်အသင်းများအား ဆုတံဆိပ်များ အပ်နှင်းခဲ့ကြောင်း သိရသည်။

မေချို

# မြစ်ကြီးနားမြို့၌ တက္ကသိုလ်ဝင်တန်း Grade-12 အောင်ချက်မြင့်မားရေးအတွက် ဘာသာရပ်ဆိုင်ရာ စွမ်းရည်မြှင့်ဆွေးနွေးပွဲ ကျင်းပ

**မြစ်ကြီးနား ဇန်နဝါရီ ၁၇**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကချင်ပြည်နယ်၏ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် Grade-12 သင်ကြားသင်ယူမှု ထိရောက်ရေး မြစ်ကြီးနား တက္ကသိုလ်မှ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/ဌာနမှူး များနှင့် အခြေခံပညာအထက်တန်းအဆင့် ဆရာ ဆရာမများ၏ အရည်အသွေးမြှင့် ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက မြစ်ကြီးနားမြို့ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း ရွှေသွေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြားပြီး မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်ဝင်းက တက္ကသိုလ်ဝင် တန်း အောင်ချက်မြင့်မားရေးအတွက် သင်ကြား သင်ယူမှုဆိုင်ရာ ဆွေးနွေးပို့ချပေးသွားမည့် အစီအစဉ် များနှင့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးပွဲအတွက် ငွေကျပ် သိန်း ၃၀ ကို ထောက်ပံ့ပေးအပ်သည်။




ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ် ဝန်ကြီးများသည် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် အတွင်းရှိ BWI BAN (ဘွေ့ဗန်) Hotel အစည်းအဝေး ခန်းမ၌ ကချင်ပြည်နယ်ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း (MCEF) ၏ နှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံသို့ တက်ရောက်သည်။

အဆိုပါ နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံ တွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြား ပြီး မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင် များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဉာဏ်သစ်လှိုင်က အသင်းဖွဲ့စည်းတည်ဆောက်ခဲ့မှု၊ အသင်း၏ ရည်ရွယ် ချက်များနှင့် ပြည်နယ်/ တိုင်းဒေသကြီးရှိ အသင်း များနှင့် ချိတ်ဆက်ဆောင်ရွက်နေမှု အခြေအနေ များကို ရှင်းလင်းတင်ပြကာ ပြည်နယ်ဆောက်လုပ် ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတူးရိန် က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် အသင်း၏ ပြည်နယ်အတွင်း ပူးပေါင်းဆောင်ရွက်နေမှု အခြေ အနေများနှင့် နှစ်ပတ်လည်အစည်းအဝေးကျင်းပရ ခြင်း၏ ရည်ရွယ်ချက်များကို လည်းကောင်း၊ အသင်း အတွင်းရေးမှူး ဦးအောင်ဆွေက အသင်း၏ နှစ်ချုပ် ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာကို လည်းကောင်း ဖတ်ကြားအတည်ပြုခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်အတွင်းရှိ မဲရုံတည်နေရာများအား တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၁၇**

အင်းစိန်ခရိုင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်အတွင်းရှိ ရွေးကောက်ပွဲ အပိုင်း(၃)တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း အေးချမ်း လုံခြုံစွာမဲပေးနိုင်စေရန် တာဝန်ရှိသူများက ဇန်နဝါရီ ၁၃ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးဆောင်ရွက်ရာတွင် အင်းစိန်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဒုတိယဗိုလ်မှူးကြီး မြင့်စိုး၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ရပ် / ကျေးအုပ်ချုပ် ရေးအဖွဲ့များ မြို့နယ်အတွင်းရှိ မဲရုံတည်နေရာများကို ကြည့်ရှုစစ်ဆေး ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန် / ဆက်)**



ရောဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်အတွင်း စက်သုံး ဆီဆိုင်များ မီးဘေးလုံခြုံရေးအတွက် ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုး ဦးဆောင်၍ သန္နေမီးသတ်တပ်ဖွဲ့ ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ လျှပ်စစ် ဝန်ထမ်းများ၊ စည်ပင်ဝန်ထမ်းများ ပူးပေါင်းအဖွဲ့များဖြင့် မြို့နယ် အတွင်းရှိ စက်သုံးဆီဆိုင်များအား မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးစဉ်။

မိုးဟိန်းထက်



## ဒုတိယဝန်ကြီး ဦးအောင်မြိုင် ပြည်-ပုဂံရထားလမ်းပိုင်း၊ ပြည်-ရန်ကုန် ရထားလမ်းပိုင်း၊ တိုးကြောင်ကလေး-သီလဝါ ရထားလမ်းပိုင်းနှင့် ဒါးပိန်-အင်းတိုင် ရထားလမ်းပိုင်းပြုပြင်မှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၇**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် ဇန်နဝါရီ ၁၃ ရက်တွင် တောင်တွင်းကြီးဘူတာ ကို ကြည့်ရှုစစ်ဆေးပြီး ဘူတာ ယာဒ်ဝင်းအတွင်း သန့်ရှင်းသပ်ရပ် မှုရှိစေရေး ပုံမှန်ရှင်းလင်းဆောင် ရွက်ရန်၊ ဘူတာမှာ သက်တမ်းကြာ မြင့်ပြီဖြစ်သဖြင့် ပျက်စီးမှုများကို ဦးစားပေးအလိုက် ပြန်လည် ပြုပြင်ဆောင်ရွက်သွားရန်၊ ဘူတာ ယာဒ်ဝင်းရှိ ရထားလမ်းများ အတွင်း လမ်းခင်းကျောက်များ ဖြည့်တင်းသွားရန်နှင့် ဝန်ထမ်း နေအိမ်လိုင်းခန်းများ လိုအပ်ချက် ရှိနေသဖြင့် နှစ်အလိုက်လျာထား တည်ဆောက်သွားရန် ဆွေးနွေး မှာကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီး နှင့်အဖွဲ့သည် ပြည်-ပုဂံ ရထား လမ်းပိုင်း၊ ဆတ်သွား-ပရပ်ကြယ် ဘူတာကြားရှိ တံတားအမှတ်- ၃၄၃ ရန်ပယ်ချောင်းကူး ရထား လမ်းတံတား၏ တံတားရေလယ် တိုင် အမှတ် (၂) နှင့် အမှတ် (၃) တို့ နိမ့်ကျမှုဖြစ်ပွားခဲ့မှု အခြေ အနေကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး တံတားပေါ်ရှိ သံလမ်း နှင့် ကွန်ကရစ်ဇလီဖားတုံးများ အား ကြိုတင်ဖြုတ်သိမ်းထား ရန်နှင့် တံတားပြန်လည်ပြုပြင် ခြင်းလုပ်ငန်းများ ဆောင်ရွက် မည့် အစီအစဉ်ကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင် ရွက်သွားရန် ဆွေးနွေးမှာကြား သည်။

ဇန်နဝါရီ ၁၄ ရက်တွင် ပြည် - ရန်ကုန် ရထားလမ်းပိုင်းတစ် လျှောက် RBE ရထားဖြင့် လိုက်ပါ စီးနင်း၍ စစ်ဆေးပြီး ရထား လမ်းပိုင်းအတွင်း သတ်မှတ်စံချိန် စံနှုန်းအတိုင်း လမ်းခင်းကျောက် များ စနစ်တကျဖြည့်သွင်းပြီး Hand Tamping Machine အပြင် Automatic Leveling, Lining & Tamping Machine (ALLTM) စက်ဖြင့် ကျောက်ပါကင်ရိုက်ခြင်း လုပ်ငန်းကို သေချာစွာ ဆောင်ရွက် ရန်၊ Alignment တိကျမှန်ကန်စေ ရေး စနစ်တကျစစ်ဆေးသွားရန်၊ တံတားနေရာများရှိ ဆွေးမြေ့နေ သည့်သစ်သားဇလီဖားတုံးများအား လဲလှယ်သွားရန်၊ သံပေါင် တံတားများ၏ အောက်ခြေ သံပေါင်အထိုင် ကောင်း/မကောင်း၊ Bolt & Nut များ ကောင်း/ မကောင်း စစ်ဆေးသွားရန်၊ ကွေ့ဒီဂရီ၊ Alignment နှင့် Super Elevations များ မှန်ကန်မှုရှိစေရေး စနစ်တကျစစ်ဆေး၍ ပြုပြင် ဆောင်ရွက်သွားရန် သံလမ်း အဆက်နေရာများတွင် သံလမ်း အဆက် ညှိခြင်းလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန်နှင့် ကိုးချောင်းဆက်သံလမ်းခင်းခြင်း လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားရန် ဆွေးနွေး မှာကြားသည်။

ဇန်နဝါရီ ၁၅ ရက်တွင် ဒါးပိန်- အင်းတိုင် ရထားလမ်း ပြန်လည် ပြုပြင်ဆောင်ရွက်နေမှု အခြေ အနေကို စစ်ဆေးပြီး သတ်မှတ် စံချိန်စံညွှန်းများအတိုင်း သတ် မှတ်ထားသည့် ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက် ရန် ဆွေးနွေးမှာကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးနှင့်အဖွဲ့ သည် တိုးကြောင်ကလေး၊ ရွာသာ ကြီး ဘူတာများတွင် 100 kW Solar Hybrid System တပ်ဆင် ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို စစ်ဆေးခြင်း၊ တိုးကြောင်ကလေး - သီလဝါ ရထားလမ်းပိုင်းရှိ ဘူတာများနှင့် ဘူတာယာဒ်ဝင်းများ သန့်ရှင်း သပ်ရပ်မှုရှိစေရေး ပုံမှန်ဆောင် ရွက်သွားရန်၊ သံလျင်တံတား ရေရှည်ကြံ့ခိုင်မှုရှိစေရေး တာဝန်ရှိ သူများက ပုံမှန်စစ်ဆေးခြင်းများ ဆောင်ရွက်သွားရန်နှင့် တံတား ပေါ်ရှိ ဆွေးမြေ့နေသည့် သစ်သား ဇလီဖားတုံးများ အမြန်လဲလှယ် ပေးသွားရန် ဆွေးနွေးမှာကြား သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး နှင့်အဖွဲ့သည် ဇန်နဝါရီ ၁၆ ရက် တွင် ရန်ကုန်-နေပြည်တော် ရထား လမ်းပိုင်းအား DEMU လူစီးအမြန် ရထားဖြင့် လိုက်ပါစီးနင်း၍ စစ်ဆေးပြီး လူစီးရထားများ ဝင်ချိန်/ထွက်ချိန် မှန်ကန်စေရန်၊ ရထားများ ခရီးဆုံးဘူတာဆိုက် ရောက်ပြီးသည့် အချိန်တွင် ရထားတွဲ အတွင်း/အပြင် သန့်ရှင်း ရေး စနစ်တကျဆောင်ရွက်ရန်၊ ရထားစီးခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ နားနေသွား လာနိုင်အောင် စီစဉ်ဆောင်ရွက် သွားရန် မှာကြားခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

# တိုင်းရင်းသားလူငယ်များ စားသောက်ကုန်ထုတ်လုပ်မှုသင်တန်းဆင်းပွဲ ကျင်းပ

ပဲခူး ဇန်နဝါရီ ၁၇

တိုင်းရင်းသား လူငယ်များအတွက် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ ရွှေမော်ဓော ဘုရားလမ်းရှိတိုင်းဒေသကြီးလူငယ်စင်တာခန်းမ၌ ကျင်းပသည်။



ဦးစွာ ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောလင်းအောင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းသားများ ကိုယ်စား သင်တန်းသား တစ်ဦးအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်ကာ သင်တန်းသား သင်တန်းသူများ ကိုယ်တိုင် ထုတ်လုပ် ပြုလုပ်ကြသည့် စားသောက်ကုန် ပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါသင်တန်းကို ဇန်နဝါရီ ၁၃ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြကာ ကိတ်မုန့်နှင့် ပေါင်မုန့်အမျိုးမျိုး ထုတ်လုပ်နည်းများကို စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းသန့် ဦးဆောင်၍ ဇန်နဝါရီ ၁၆ ရက်တွင် ကောင်းမွန်ကျေးရွာ၊ မရိုးကုန်းကျေးရွာ၊ ဇီးတောကျေးရွာနှင့် ဘုတ်ကျေးရွာတို့ရှိ မဲရုံများဖွင့်လှစ်ဆောင်ရွက်မည့် နေရာများ၊ မဲရုံအနီးပတ်ဝန်းကျင်ရှိ လုပ်ငန်းများ၊ လူနေအိမ်များအား မီးလောင်မှု၊ မီးလန့်မှုများ ကင်းဝေးစေရန် အသိပေးစစ်ဆေးဆောင်ရွက်စဉ်။

ဇာနည်ကိုကို (ပြန်/ဆက်)

# ပခုက္ကူမြို့ အမှတ်(၁)စည်ပင်သာယာမြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ပခုက္ကူ ဇန်နဝါရီ ၁၇

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁)စည်ပင်သာယာ



မြို့မဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပခုက္ကူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်၊ ဒုတိယဗိုလ်မှူးကြီး ကျော်ဇေလတ်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသန်းဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်စိုးဝင်းနှင့် ဝန်ထမ်းများ၊ ဈေးကော်မတီအဖွဲ့ဝင်များ၊ ဈေးသူ ဈေးသားများ တက်ရောက်ကြပြီး ခရိုင်မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသီးသန့်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြှိမ်းသတ်ယာဉ်လေးစီး၊ မီးသတ်ရေသယ်ယာဉ်နှစ်စီး၊ စည်ပင်ရေသယ်ယာဉ်တစ်စီး၊ အုပ်ချုပ်မှုယာဉ်တစ်စီးတို့ဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးဇာတ်တိုက်လေ့ကျင့်ခြင်း၊ မီးသတ်ဆေးဘူးများ အသုံးပြု၍ လက်တွေ့သရုပ်ပြမီးငြှိမ်းသတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**



# အောင်လံမြို့နယ် စည်ပင်သာယာ(မြို့မ)ဈေး မီးဘေးလုံခြုံရေး စစ်ဆေး

အောင်လံ ဇန်နဝါရီ ၁၇

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် မီးသတ်ဦးစီးဌာနသည် ဇန်နဝါရီ ၁၆ ရက်တွင် မြို့နယ်စည်ပင်သာယာ (မြို့မ)ဈေး မီးဘေးလုံခြုံရေး စစ်ဆေးခြင်းကို ဆောင်ရွက်သည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထက်ဇော်မင်း ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးမျိုးဝင်းနှင့် ဈေးကော်မတီဝင်များ၊ ဈေးမီးဘေးကြီးကြပ်မှုအဖွဲ့များပူးပေါင်း၍ ဈေးအတွင်းတပ်ဆင်ထားသည့် မီးငြှိမ်းသတ်ရေးပစ္စည်းများ အသင့်အသုံးပြုနိုင်မှုအခြေအနေများ၊ မီးဘေးကြိုတင်ကာကွယ်ရေးအစီအမံများကို လိုက်လံစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုခန့်**

# အုတ်တွင်းမြို့နယ်၌ မဲရုံတာဝန်ကျဝန်ထမ်းများအား တာဝန်ရှိသူများ တွေ့ဆုံ

အုတ်တွင်း ဇန်နဝါရီ ၁၇

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ ရွေးကောက်ပွဲ အပိုင်း(၃) တွင် မဲရုံတာဝန်ကျ ဝန်ထမ်းများအား တာဝန်ရှိသူများက တွေ့ဆုံ၍ ကြိုတင်ဆန္ဒမဲပေးနေမှု အခြေအနေ ကြည့်ရှုအားပေးခြင်းကို ယနေ့နံနက်ပိုင်းက အခြေခံပညာ အထက်တန်းကျောင်း (အုတ်တွင်း) ပညာရတနာခန်းမ၌ ပြုလုပ်သည်။



**ရှင်းလင်းပြောကြား**

အဆိုပါမဲရုံမှူး၊ ဒုတိယမဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များအား တွေ့ဆုံရာတွင် တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစောထွန်းဦးက အမှာစကားပြောကြားပြီး တောင်ငူခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးအောင်ဇော်ဝင်းက လုံခြုံရေးဆိုင်ရာများ နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်းနှင့် တောင်ငူခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေမြတ်နိုးသိမ့်က မဲရုံများတွင် ကြိုတင် ဆောင်ရွက်ထားရမည့် အချက်များကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ မဲရုံတာဝန်ကျ ဝန်ထမ်းများက ကြိုတင်ဆန္ဒမဲ လက်မှတ်များ ထုတ်ယူ၍ လျှို့ဝှက်ဆန္ဒပြုခန်းတွင် ဆန္ဒပြု၍ ဆန္ဒမဲပေးကြရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း၊ ကြိုတင်မဲပေးခြင်းကို ဇန်နဝါရီ ၁၆ ရက်မှ ၁၈ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရပ်ကွက်/ ကျေးရွာအလိုက် ကြိုတင်မဲ ပေးသွားရမည်ဖြစ်ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**



# ချောက်မြို့နယ်၌ ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရ ကျွေးမွေး

ချောက် ဇန်နဝါရီ ၁၇

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးတိုးတက်စေရေးအစီအစဉ်ဖြင့် KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့နံနက်ပိုင်းက ချောက်မြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၁၉၂ ကျောင်းမှ KG ကျောင်းသား ကျောင်းသူ ၂၆၅၅ ဦးအား အာဟာရကျွေးမွေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးသက်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား လက်ကိုဆပ်ပြာဖြင့် စနစ်တကျဆေးကြောသန့်စင်ပေးခြင်း၊ အသားဓာတ်၊ ကစီဓာတ်၊ အဆီဓာတ်၊ ဗီတာမင်ဓာတ်၊ သတ္တုဓာတ်နှင့် ရေဓာတ် စသည်တို့ပါဝင်သော အာဟာရဖြစ်စေမည့် စားသောက်ဖွယ်ရာ ကျွေးမွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

# မိတ္ထီလာမြို့တွင်းလမ်းပိုင်း လမ်းဘေးဝဲ /ယာရှိ သစ်ပင်အကိုင်းအခက်များ ခုတ်ထွင်ရှင်းလင်း

မိတ္ထီလာ ဇန်နဝါရီ ၁၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ရန်ကုန်-မန္တလေး



ကားလမ်းဟောင်း မိတ္ထီလာမြို့တွင်းလမ်းဘေးဝဲ / ယာရှိ ကားလမ်းဘေး ပလက်ဖောင်းပေါ်တွင် ကျရောက်နေသည့် သစ်ပင်အကိုင်းအခက်များနှင့် လမ်းဘေးရှိချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက ဆောင်ရွက်သည်။

**ဆောင်ရွက်**

အဆိုပါလုပ်ငန်းကို မိတ္ထီလာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ခရိုင်လမ်းဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ခရိုင်မီးသတ်ဦးစီးဌာနတို့က ရန်ကုန် - မန္တလေးကားလမ်းဟောင်း မိတ္ထီလာမြို့တွင်းလမ်းပိုင်း မိုင်တိုင် ၁၀/၅ မှ ၁၃/၀ အတွင်း ယာဉ်သွားလာမှု အန္တရာယ်ကင်းရှင်းစေရေးနှင့် လမ်းအသုံးပြုသူများ လုံခြုံစိတ်ချစွာ သွားလာနိုင်ရေးအတွက် ကားလမ်းဘေး ပလက်ဖောင်းများပေါ်တွင် ကျရောက်နေသည့် သစ်ပင်အကိုင်းအခက်များနှင့် လမ်းဘေးရှိ ချုံနွယ်များ ရှင်းလင်းခြင်း၊ သစ်ပင်များ အုံ့ဆိုင်းနေသဖြင့် အလင်းကောင်းမွန်စွာရရှိစေရေး မလိုအပ်သည့် သစ်ပင်အကိုင်းအခက်များအား ခုတ်ထွင်ရှင်းလင်းခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

